ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံပေးလမ်းညွှန်၏ ရုံးခန်း

# MEDICAID သက်တမ်းတိုးမှုများ

VERMONT LEGAL AID
WORKING TOGETHER FOR JUSTICE

2020 တွင် ဖယ်ဒရယ်အစိုးရသည် COVID-19 ကပ်ရောဂါကြောင့်ငှာ Medicaid ပိတ်သိမ်းမှုများအား ရပ်တန့်ရန် အထူး စည်းမျဥ်းများအား ပြုလုပ်ခဲ့သည်။ ဤစည်းမျဥ်းများသည် မကြာသေးမီ၌ အပြောင်းအလဲများ ရှိခဲ့သည်။ Vermont သည် ယခုအခါ ပုံမှန် Medicaid သက်တမ်းတိုးမှု လုပ်ငန်းစဥ်အား ဧပြီလတွင် စတင်ဆောင်ရွက်တော့မည် ဖြစ်သည်။ အကယ်၍ သင်သည် ဝင်ငွေ၊ အသက်အရွယ် နှင့် အခြေချနေထိုင်မှုဆိုင်ရာ စည်းမျဥ်းကန့်သတ်ချက်များတို့ဖြင့် ပြည့်မီကိုက်ညီနေဆဲဖြစ်လျှင် Medicaid ၌ ဆက်လက် ရှိနေနိုင်မည် ဖြစ်သည်။ အကယ်၍ သင်သည် ဆက်လက် အရည်အချင်းပြည့်မီခြင်း မရှိတော့လျှင်မူ သင့် အကျုံးဝင်လွှမ်းခြုံမှုအား ပိတ်သိမ်းနိုင်ပါသည်။ အကယ်၍ ဤသို့ ဖြစ်ပေါ်ခဲ့လျှင်မူ သင်သည် အခြား အမျိုးအစား အာမခံအတွက် စာရင်းပေးသွင်းရန် အခွင့်အရေး ရရှိမည် ဖြစ်သည်။ **သင့်တွင် Medicaid သက်တမ်းတိုးမှု လုပ်ငန်းစဥ်နှင့်ပတ်သက်ပြီး မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများ ရှိနေပါလျှင် အကူအညီပေးရန်အတွက်ငှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံပေးလမ်းညွှန်၏ ရုံးခန်းသည် ဤတွင် ရှိနေပါသည်။**

## Medicaid သက်တမ်းတိုးမှု –

Medicaid သက်တမ်းတိုးမှု လုပ်ငန်းစဥ်သည် 2023 ခုနှစ်၊ ဧပြီလတွင် ထပ်မံ၍ ပြန်လည်စတင်တော့မည် ဖြစ်သည်။ Vermont Health Connect (VHC) သည် သင့်ထံသို့ အချက်အလက်များ တောင်းဆိုသည့် သက်တမ်းတိုးစာ တစ်စောင်အား ပေးပို့သွားမည် ဖြစ်သည်။ သင်သည် Medicaid ၌ ဆက်လက်ရှိနေနိုင်ရန်အတွက် ဝင်ငွေ၊ အခြေချနေထိုင်မှု နှင့် အသက်အရွယ်ဆိုင်ရာ ကန့်သတ်ချက်များတို့ဖြင့် ပြည့်မီကိုက်ညီကြောင်း အတည်ပြုရန် ၎င်းတို့ထံသို့ အချက်အလက်များ ပေးပို့ပေးဖို့ တောင်းဆိုကောင်း တောင်းဆိုထားမည် ဖြစ်သည်။ သင်၏ လက်ရှိ ဝင်ငွေအခြေအနေ အထောက်အထားအား ထောက်ပံ့ပေးကောင်း ထောက်ပံ့ပေးရမည် ဖြစ်သည်။

၎င်းတို့သည် Medicaid သက်တမ်းတိုးမှုများအား တစ်ကြိမ်တည်း အားလုံး ဆောင်ရွက်သွားမည် မဟုတ်ပေ။ ၎င်းအစား နောက်လာမည့် 14 လ ကာလအတွင်း သက်တမ်းတိုးစာများအား အသုတ်လိုက် ပေးပို့သွားမည် ဖြစ်သည်။ ဤစာများသို့ တုံ့ပြန်ဖြေကြား၍ ၎င်းတို့ တောင်းဆိုသော အချက်အလက်များအား VHC ထံသို့ ပေးအပ်ရန် အလွန်ပင် အရေးကြီးပေသည်။

## သင်၏ ဆက်သွယ်လိပ်စာဆိုင်ရာ အချက်အလက်များအား မွမ်းမံပြင်ဆင်ပေးပါ –

VHC ထံ၌ သင်၏ လက်ရှိ စာပို့လိပ်စာ၊ ဖုန်းနံပါတ်၊ နှင့် အီးမေးလ်လိပ်စာများ ဖိုင်တွဲပေါ်၌ ရှိထားကြောင်း သေချာအောင် ဆောင်ရွက်သင့်ပေသည်၊ သို့မှသာ ၎င်းတို့သည် သက်တမ်းတိုးစာနှင့် အခြား အရေးကြီးသော နောက်ဆုံးရ အချက်အလက်များအား သင့်ထံသို့ ပေးပို့နိုင်မည် ဖြစ်သည်။

ဤအချက်အလက်များသည် အချိန်နှင့်တစ်ပြေးညီရှိကြောင်း အတည်ပြုရန်အတွက်ငှာ ၎င်းတို့ထံ **855-899-9600** သို့ ခေါ်ဆိုပါ၊ သို့မဟုတ် **vermonthealthconnect.gov** သို့ ဝင်ရောက်လည်ပတ်၍ သင်၏ ပေါ်တယ်အတွင်းသို့ စာရင်းသွင်း ဝင်ရောက်ပါ။

## ပိတ်သိမ်းမှုဆိုင်ရာ အသိပေးအကြောင်းကြားချက် –

အကယ်၍ သင်သည် ဝင်ငွေ၊ အသက်အရွယ် နှင့် အခြေချနေထိုင်မှုဆိုင်ရာ စည်းမျဥ်းကန့်သတ်ချက်များတို့ဖြင့် ပြည့်မီကိုက်ညီနေဆဲဖြစ်လျှင် Medicaid ၌ ဆက်လက် ရှိနေနိုင်မည် ဖြစ်သည်။ သို့သော် အကယ်၍ သင်သည် Medicaid အာမခံ အကျုံးဝင်လွှမ်းခြုံမှုအတွက် ဆက်လက် အရည်အချင်းပြည့်မီခြင်း မရှိတော့လျှင်မူ VHC အနေနှင့် သင်၏ အကျိုးခံစားခွင့်များ အဆုံးမသတ်မီ သင့်ထံသို့ ပိတ်သိမ်းမှုဆိုင်ရာ အသိပေးအကြောင်းကြားချက်တစ်စောင်အား ပေးပို့ရမည် ဖြစ်သည်။ ၎င်းတို့သည် ပိတ်သိမ်းမှုနေ့စွဲမတိုင်မီ သင့်ထံ အသိပေးအကြောင်းကြားချက် ပေးအပ်ရပါမည်။ သတ်မှတ်ထားသော လတစ်လ၏ နောက်ဆုံးရက်သို့ မရောက်မချင်း Medicaid အကျုံးဝင်လွှမ်းခြုံမှုအား ပိတ်သိမ်းအုံးမည် မဟုတ်ပေ။

## အထူး စာရင်းသွင်းမှု ကာလ –

အကယ်၍ သင်သည် Medicaid အတွက် ဆက်လက် အရည်အချင်းပြည့်မီခြင်း မရှိတော့သည့်အပြင် Medicare ပေါ်၌လည်း ရှိမနေလျှင် သင့်အနေနှင့် သင်၏ အကျုံးဝင်လွှမ်းခြုံမှု အဆုံးသတ်ချိန်၌ VHC မှတစ်ဆင့် ကျန်းမာရေးအာမခံ အစီအစဥ်တစ်ခုအတွက် စာရင်းပေးသွင်းရန်ငှာ အထူး စာရင်းသွင်းမှုကာလတစ်ခုအား ရရှိနိုင်ပါသည်။ VHC မှတစ်ဆင့် အာမခံအတွက် စာရင်းပေးသွင်းရန်ငှာ သင်၏ Medicaid ပိတ်သိမ်းပြီးနောက်မှစ၍ **ရက်ပေါင်း 60** သင် အချိန်ရရှိမည် ဖြစ်သည်။

အကယ်၍ သင့် အလုပ်ရှင်မှ အာမခံ ကမ်းလှမ်းထောက်ပံ့ထားလျှင် သင့်အနေနှင့် သင်၏ Medicaid ပိတ်သိမ်းချိန်၌ ၎င်းအာမခံအကျုံးဝင်လွှမ်းခြုံမှုအတွက် စာရင်းပေးသွင်းနိုင်ပါသည်။ သို့သော်လည်း လျှင်မြန်စွာ ပြုမူဆောင်ရွက်ပေးရန် အလွန် အရေးကြီးပါသည်။ အလုပ်ရှင် အာမခံအတွက် အထူး စာရင်းသွင်းမှုကာလသည် ရက်ပေါင်း 30 အထိသာ ကန့်သတ်ထားပါသည်။

## Medicare –

အကယ်၍ သင့်တွင် Medicare ရှိထားပြီး၊ Medicaid နှင့် သင်၏ အာမခံ ရွေးချယ်စရာများတို့နှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်းလိုလျှင် တစ်ဦးချင်းစီ အကြံပြုချက်များ ရယူရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံပေးလမ်းညွှန်၏ ရုံးခန်းသို့ ခေါ်ဆိုပါ။

## မေးခွန်းများ ရှိပါက ကျွန်ုပ်တို့ထံသို့ ခေါ်ဆိုပေးပါ –

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံပေးလမ်းညွှန်၏ ရုံးခန်းသည် ကျန်းမာရေး အာမခံ သို့မဟုတ် စောင့်ရှောက်မှု ရယူရန်တို့နှင့်ပတ်သက်၍ မေးခွန်းများ ရှိသော Vermont အရပ်သားများတို့အတွက် အခမဲ့ဖြစ်၍ အချက်အလက်များ လျှို့ဝှက်စောင့်ထိန်းမှုရှိသော အရင်းအမြစ်တစ်ခု ဖြစ်သည်။ Medicaid သက်တမ်းတိုးမှုလုပ်ငန်းစဥ်သည် မည်သို့ လုပ်ငန်းစဥ်လည်ပတ်ကြောင်း၊ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်နွယ်သည့် အခြား ပြဿနာကိစ္စရပ်များ မှန်သမျှနှင့်ပတ်သက်ပြီး သင့်တွင် မေးခွန်းများ ရှိပါက ကျွန်ုပ်တို့ထံသို့ ခေါ်ဆိုလိုက်ပါ။ ကျွန်ုပ်တို့၏ အကူအညီပေးသည့်လိုင်းထံ **1-800-917-7787**သို့လည်း သင် ခေါ်ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ပေါ်တွင်၊ သို့မဟုတ် vtlawhelp.org/health ၌ အွန်လိုင်း အကူအညီ တောင်းဆိုချက်တစ်စောင်အား တင်သွင်း၍လည်း သင် နောက်ထပ် အချက်အလက်များ ရရှိနိုင်မည် ဖြစ်သည်။